ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

ပုတ္တလုတ်ကျေးရွာ၊ ပုတ္တလုတ်ကျေးရွာအုပ်စု

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ..... 2
၂။ပုတ္တလုတ်အုပ်စုမြေပုံ ..... 3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..... 4
၄။ကျေးရွာအခြေခံအချက်အလက်များ ..... 5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ..... 6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... 21
၈။ ကျေးရွာကော်မတီဝင်များစာရင်း ..... 22
၉။ပုံစံ-၁ ကျေးရွာအချက်အလက် ..... 23
၁၀။ပုံစံ-၃ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..... 26
၁၁။အစည်းအဝေးမှတ်တမ်းများ ..... 29
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ..... 33

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ပုတ္တလုတ်အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ပုတ္တလုတ်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ပုတ္တလုတ်ကျေးရွာသည် ရွာတန်းသဖွယ် အိမ်ခြေအနည်းငယ်ဖြင့် (၁၂၇၅)ခုနှစ်ခန့်မှ စတင်တည်ထောင်ခဲ့သောကျေးရွာဖြစ်သည်။ ကျောက်တန်းမြို့နယ်၏ အရှေ့တောင်ဘက် (၁၉)မိုင်ခန့် အကွာတွင်တည်ရှိသည်။ စစ်တန်း၊ မရမ်းဘေး၊ အဝကောက် စသည့်ကျေးရွာများနှင့် နယ်နိမိတ်ခြင်းထိစပ်နေသည်။ စတင်တည်ထောင်ခဲ့သောအချိန်တွင် သက်ငယ်မိုးအိမ်ငယ်လေးများနှင့် ဟိုနားတစ်အိမ်၊ ဒီနားတစ်အိမ်နှင့် မစည်မကားကျေးရွာလေးတစ်ရွာဖြစ်သည်။ ပညာရေး၊ ဘာသာရေးအလွန်အားနည်းသောရွာလေးဖြစ်သည်။ ပညာရေးအတွက် ဘုန်းတော်ကြီးကျောင်းသာရှိပြီးအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် တောင်ယာ၊ လယ်လုပ်၊ ထင်းခုတ်၊ မွေးမြူရေးလုပ်၍ အသက်မွေးဝမ်းကြောင်းပြုခဲ့ကြပါသည်။

ယခုအခါတွင် ပညာရေးအတွက် အထက်တန်းကျောင်းခွဲတစ်ကျောင်းရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကျေးရွာတွင်းရှိကလေးသူငယ်များအတွက် ပညာရေးတွင် အလွယ်တကူသင်ကြားလာနိုင်ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်လာမှုကြောင့် ကုန်စည်စီးဆင်းမှုများပိုမိုကောင်းမွန်လာပြီးဒေသထွက်ကုန်ပစ္စည်းများကိုအလွယ်တကူရောင်းချလာနိုင်ပြီဖြစ်သောကြောင့် စီးပွားရေးတွင်လည်းယခင်ကထက်ကောင်းမွန်လာပြီဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုအများဆုံးလုပ်ကိုင်လာကြသည်။ အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်သောမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိသည်။ ဘာသာရေးနှင့်ပတ်သက်သောအဆောက်အအုံများအနေဖြင့် ဘုန်းတော်ကြီးကျောင်း၊ ဟိန္ဒူဘုရားကျောင်း၊ ရွာဦးစေတီတို့ရှိသည်။ ဘာသာတရားကိုင်းရှိုင်းပြီးတစ်ဦးနှင့် တစ်ဦးအချင်းချင်းကူညီရိုင်းပင်းကာစည်းလုံးညီညွတ်မှုရှိသည်။ အချုပ်အားဖြင့်ဆိုရလျှင် ပုတ္တလုတ်ကျေးရွာသည် ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်တတ်သောကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃ | ၂ | ၁ | ၃ |
| မြေယာမဲ့ | ၆၁၅ | ၉၃၀ | ၅၅၀ | ၁၄၈၀ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ဆိုင်ကယ်ဂပ်ရှော့ |
| | | ဈေးဆိုင် | |
| | | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၅။ ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၅၄၄ | ၃၂ | - | မရှိ | -/၁၃ | ၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၇ | ၂၀ | ၂ | ၅ | ၁၆ | ၆ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | ၃၀၀ | ၁၀ | ၆၀ | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၆၀၊ - | ၈၀ | ၆၀ | ၉၁၃ | ၁၆ |

### ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၁ | ၁၄ | ၂၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၉ | ၁၁ | ၂၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၂-၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ် ၊နွမ်းပါးအုပ်စုများ | ၁၄ | ၈ | ၂၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသတ်ချက် | ၂၃-၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၉ | ၁၀ | ၁၉ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသတ်ချက် | ၂၃-၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၉ | ၁၀ | ၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသတ်ခြင်း | ၂၃-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၁ | ၁၁ | ၂၂ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်းတွင် စပါးနှင့်ပဲကိုစိုက်ပျိုးကြပြီးမွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ တနိုင်တပိုင်လုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြပါသည်။

ဆန်၊ စပါး၊ ပဲတို့ကိုအများဆုံးအဓိကထား၍ စိုက်ပျိုးကြပါသည်။ တနိုင်တပိုင်နှင့် ကျပန်းအလုပ်ကိုလည်းလုပ်ကိုင်ကြပါသည်။လွန်ခဲ့သောနှစ်ကာလကနာဂစ်မုန်တိုင်းကျရောက်မှုကြောင့် ပျက်စီးမှုအချို့ရှိခဲ့ပါသည်။

ကျေးရွာအတွင်းတွင် ဟိန္ဒူနှင့် ဗုဒ္ဓလူမျိုးများနေရာအနံ့တွင်နေထိုင်ကြပါသည်။

- လူနည်းစုအုပ်စု၊ ထိခိုက်လွယ် အုပ်စုမှာရွာ၏ နေရာအနံ့တွင်နေထိုင်ကြပါသည်။
- ကျေးရွာတွင်ပြောင်းရွှေ့နေထိုင်သူအနည်းငယ်ရှိပါသည်။

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဉတု** နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးများရွာသွန်း၍ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများသည် ဆောင်းရာသီဖြစ်ပြီး တပို့တွဲ၊တပေါင်း၊ တန်ခူး၊ ကဆုန်လများသည် နွေရာသီဖြစ်သည်။

**စိုက်ပျိုးရေး** နယုန်လတွင် စပါးများကိုစတင်စိုက်ပျိုးကြပြီးသီတင်းကျွတ်လတွင် ရိတ်သိမ်းကြသည်။ နတ်တော်လတွင် ပဲများကိုစတင်စိုက်ပျိုးကြပြီးတပို့တွဲလတွင် ပဲနှုးကြပါသည်။ ထို့ကြောင့် ထိုလများသည် ကျေးရွာလူထု၏ အလုပ်အများဆုံးလများ ဖြစ်သည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ နွားတို့ကိုမွေးမြူကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး** အချို့နေရာများတွင်မိုးရာသီ၌သွားလာရခက်ခဲသောနေရာများရှိနေပါသည်။


**သောက်သုံးရေရရှိမှု** သောက်သုံးရေ မလုံလောက်သော လများမှာ တန်ခူး၊ ကဆုန်လများဖြစ်သည်။ နယုန်လမှ တပေါင်းလအထိသည် သောက်သုံးရေ လုံလောက်သော လများဖြစ်သည်။

**ပွဲတော်များ** တန်းခူးလမှာသင်္ကြန်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော် တပို့တွဲလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ကျန်မာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိပြီးကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာလုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**၃။ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း**



**သုံးသပ်ချက်**

ပုတ္တလုတ်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ အဆင့်(၃)ဆင့် ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများမှာ လယ်ဧက(၂၀)နှင့် အထက်၊ တိုက်အိမ်၊ ထွန်စက်၊ ရိတ်သိမ်းစက်၊ ဂွန်ဒေါင်း၊ နွားပျို၊ ဆိုင်ကယ်၊ ကား စသည့်ပစ္စည်းများအား ပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၂၀)%ခန့်ရှိပါသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ သွပ်မိုးထရံကာအိမ်၊ ဆိုင်ကယ်၊ နွားပျို၊ လယ်ဧက(၁၀)အောက်

စသည့်ပစ္စည်းများကို ပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၂၅%) ခန့်ရှိပါသည်။ နွမ်းပါးသော အိမ်ထောင်စုများမှာ ခနိမိုး ထရံကာအိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဝက်၊ ဘဲ စသည်တို့ကိုသာ ပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စု၏(၅၅%)ခန့်ရှိပါသည်။

ကျေးရွာတွင်းတွင် နွမ်းပါးရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ပညာတတ်မြောက်မှုနည်းခြင်း၊ အရင်းအနှီးမရှိခြင်း စသည်တို့ကြောင့်ဖြစ်သည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကျေးရွာအတွင်းတွင်ရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာ၊ ကရုဏာရှင်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ဂေါပက(ဟိန္ဒူ+ဗုဒ္ဓ)၊

မြစိမ်းရောင်အဖွဲ့တို့ဖြစ်သည်။မြို့နယ်မှ ကျေးရွာသို့ချိတ်ဆက်နေသော အဖွဲ့များမှာ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်ရဲစခန်း၊ သမ၊ ကျေးလက်ဦးစီးဌာန တို့ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်၍ ကျေးရွာလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်၍ ဆောင်ရွက်သည်။ အမျိုးသမီးရေးရာအဖွဲ့သည် မြို့နယ်နှင့် ချိတ်ဆက်၍ ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များအတွက် ဆောင်ရွက်သည်။ ကျေးရွာတွင်းရှိ လူမှုရေးကိစ္စများကို ကရုဏာရှင်အဖွဲ့မှ ဆောင်ရွက်သည်။ ကျေးရွာရှိ မိခင်နှင့် ကလေးတို့၏ ကျန်းမာရေးကိစ္စများကို ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့တို့မှ ဆောင်ရွက်သည်။ အရန်မီးသတ်တပ်ဖွဲ့သည် မြို့နယ်နှင့် ချိတ်ဆက်၍ ကျေးရွာ၏ မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အဓိကဆောင်ရွက်သည်။ ကျေးရွာ၏ ဘာသာရေးကိစ္စများကို ကျေးရွာဂေါပကအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သည်။ ကျေးရွာတွင်းရှိ မြစိမ်းရောင်အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်သည်။

**၅။ပင့်ကူအိမ် သုံးသပ်ချက်။**



**သုံးသပ်ချက်**

**ဆုံးဖြတ်ချက်**

ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင်အမျိုးသားများကအမျိုးသမီးများထက်ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကိုတွေ့ရှိရပါသည်။

**လုံခြုံမှု** အမျိုးသားများသည်လေ့လာမှုအားကောင်းခြင်း၊ခွန်အားဗလကြီးခြင်း၊အသိပညာမြင့်မားခြင်းတိုကြောင့် ပို၍ လုံခြုံမှုရှိသည်။

**အလုပ်ကိုင်အခွင့်လမ်း**

အလုပ်အကိုင်အခွင့်အလမ်းတွင်အမျိုးသားများကအမျိုးသမီးများထက်သာလွန်ကြောင်းသိရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် လူမှုစီးပွားကိစ္စများတွင် လုပ်ကိုင်နေရသောကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုများတွင် အမျိုးသမီးများထက် လျော့နည်းနေသည်ကိုတွေ့ရပါသည်။

**ပညာရေးပါဝင်မှု** အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ ပညာသင်ယူရန် အခွင့်အလမ်းများသောကြောင့် ပညာရေးတွင် သာလွန်နေသည်ကိုတွေ့ရပါသည်။

**လူမှုရေးလုပ်ငန်းပါဝင်မှု** ရှေးရိုးစွဲအစဉ်အလာများနှင့် မိရိုးဖလာအစဉ်အလာများကြောင့် ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးတို့တွင် အမျိုးသားများကသာဦးဆောင်လျက်ရှိပြီးအမျိုးသမီးများသည် ပူးပေါင်းပါဝင်မှုအားနည်းသည်ကိုတွေ့ရှိရပါသည်။


**အရင်းအမြစ်သုံးစွဲမှု** မြစ်ချောင်းအင်းအိုင်များအားအမျိုးသားများကအများဆုံးသုံးစွဲကြပြီးကျေးရွာတွင်းရှိရေတွင်း၊ ရေကန်များကိုမူ အမျိုးသမီးများကအများဆုံးသုံးစွဲလျက်ရှိကြောင်းတွေ့ရှိရပါသည်။


**ပညာရေးပါဝင်မှု**

အမျိုးသားများနှင့်အမျိုးသမီးများသည်ပညာရေးတွင်တန်းတူအခွင့်ရေးရရှိသည်ကိုတွေ့ရှိရပါသည်။

**ဦးဆောင်မှု** ရပ်ရေးရွာရေးနှင့် အိမ်ထောင်မှုကိစ္စများတွင် အမျိုးသားများကအများဆုံးဦးဆောင်နေကြောင်းတွေ့ရှိပါသည်။

၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** အမျိုးသားများသည် ထွန်စက်၊ ဂွန်ဒေါင်း၊ စပါးရိတ်စက်၊ လယ်၊ ရေတွင်း/ရေကန်၊ ကား၊ အားကစားကွင်း၊ ဆိုင်ကယ်စသည်တို့ကို ပြုပြင်ထိန်းချုပ်ထားသည်ကိုတွေ့ရသည်။ အမျိုးသမီးများသည် ဈေးဆိုင်၊ မီးဖို၊ မီးပူ၊ အပ်ချုပ်စက်များအား ထိန်းချုပ်လေ့ရှိပါသည်။ အမျိုးသမီးနှင့် အမျိုးသားများ အတူတကွ ထိန်းချုပ်သော အရင်းအမြစ်များမှာ လယ်၊ လမ်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ စာကြည့်တိုက် စသည်တို့ဖြစ်သည်။

**အသုံးပြုမှု** အမျိုးသားများသည် ထွန်စက်၊ ဂွန်ဒေါင်း၊ စပါးရိတ်စက်၊ ဘောလုံးကွင်း၊ ခြင်းကွင်း၊ ကားစသည်တို့ကိုအသုံးပြုသည်။ အမျိုးသမီးများသည် အပ်ချုပ်စက်၊ မီးဖို၊ မီးပူ၊ ဈေးဆိုင် စသည်တို့ကိုအများဆုံးအသုံးပြုကြပါသည်။အမျိုးသမီးနှင့် အမျိုးသားများအတူတကွ သုံးစွဲကြသောပစ္စည်းများမှာဆိုင်ကယ်၊ လမ်း၊ လယ်၊ အိမ်၊ ရေတွင်းတို့ဖြစ်သည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

လူထုဗဟိုပြုစီမံကိန်းသည် ကျား/မတန်းတူညီမျှမှုကိုအထူးအလေးပေးသောစီမံကိန်းတစ်ခုဖြစ်ကြောင်း နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ အရေးပါပုံများကိုရှင်းလင်းပြောကြားသည်။ ကျေးရွာတွင်းရှိအခက်အခဲများကိုဖော်ထုတ်ရာတွင်လည်းအမျိုးသမီးများ၏ ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များပါဝင်ရန်လိုအပ်ကြောင်းပြောသည်။ စီမံကိန်းနှင့် ပတ်သက်သောအစည်းအဝေးများပြုလုပ်တိုင်းတွင် အနည်းဆုံးအမျိုးသမီး (၅၀%)တက်ရောက်ရမည်ဖြစ်သည်။ ထို့အပြင် ကော်မတီဖွဲ့စည်းရာတွင်လည်းကျား/မ အချိုးတူညီရမည်ဖြစ်ပြီးဆပ်ကော်မတီတိုင်းတွင် အနည်းဆုံးအမျိုးသမီးတစ်ယောက် ပါဝင်ရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ရာတွင်လည်းတူညီသောလုပ်အားအတွက် တူညီသောလုပ်အားခပေးချေရမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံးတွင်လည်းကျား/မရေးရာတန်းတူညီမျှမှုများကိုထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အမျိုးသမီးများတက်ရောက်နိုင်သောအချိန်များတွင်ပြုလုပ်သင့်သည်။ တက်ရောက်လာသောအမျိုးသမီးများကိုလည်းဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့်များပေးရမည်။ ကျား/မတန်းတူညီမျှရေးအတွက် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍတစ်ခုတည်းကိုသာတိုးမြှင့်ပေးရန်မဟုတ်ဘဲကျေးရွာတွင်းရှိအမျိုးသား၊ အမျိုးသမီးများအားလုံး၏ တိုးတက်မှုကိုအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** ရက်စွဲ - ၂၇.၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ် ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ် လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှ အချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကိုသင်ဆွေးနွေး မေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှု ရှိ/မရှိစစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ




အမျိုးသားအုပ်စုမှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးနေလင်းထိုက် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ပြုံး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးထိန်လင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးငွေထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်အေးမို့ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးယုလွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးစံမြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ညွန့်စိန် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးဝင်းဖိုလ် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးမင်းနိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၁ | ဒေါ်အုန်းကြူ | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၂ | ဦးမြတ်စိုး | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၃ | ဒေါ်ဌေးဌေးဦး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဦးထွန်းလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးနိုင်ဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးရဲကျော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်တင်သိန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်သိန်းအိ | မ | စေတနာ့ဝန်ထမ်း |
| ၁၉ | ဒေါ်သန်းဌေး | မ | စေတနာ့ဝန်ထမ်း |
| ၂၀ | ဦးအေးသွင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၂၀) ယောက်ကျား-(၁၃)ယောက် +မ (၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
|---|---|
| ၁။ဦးနေလင်းထိုက် | ဥက္ကဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၂။ဒေါ်လင်းလင်းဆွေ | ဥက္ကဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၃။ဒေါ်ပြုံး | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၄။ဦးစိုးမြင့် | စာရင်းကိုင်၊ ဘဏ္ဍာရးဆပ်ကော်မတီ |
| ၅။ဦးကျော်တင့် | အဖွဲ့ဝင်၊ ဘဏ္ဍာရးဆပ်ကော်မတီ |
| ၆။ဒေါ်စန်းစန်းမြင့် | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၇။ဦးသန်းချစ် | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၈။ဒေါ်တိတ် | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |

**မှတ်တမ်းတင်သူ**

အမည် -ဦးတင်သိန်း

ရာထူး -လူထုစည်းရုံးရေးမှူး

ရက်စွဲ -၂၇.၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၉၇၁၀၃၄၅၅၅၁ | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

#### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၉၅၀ | ဘာသာ (၁) ဗုဒ္ဓ | ၉၅၀ |
| လူမျိုးစု (၂) [illegible] | ၁၀၄ | ဘာသာ (၂) [illegible] | ၁၀၄ |
| လူမျိုးစု (၃) ------------ | — | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | — | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃၆ | | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၁၅၃ | ၂၂၈၄ |
| လူမျိုးစု (၁) ဗမာ | ၁၉၃၇ | ၂၀၁၈ |
| လူမျိုးစု (၂) [illegible] | ၂၁၆ | ၂၆၆ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀၅၄ | ၄၀ |

#### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/(မပြုခဲ့ပါ)/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် (circled) ရှိလျှင်ဖော်ပြပါ --------နာဂစ်မုန်တိုင်း----

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(၃) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် · [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၁.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၁.၁.၂၀၁၇

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

## ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဂန်ထမ်းအမည် ဦးတင်ညွန့် | | | |
| နေ့စွဲ ၂၇၊၁၊၂၀၁၇ | စက်ဂန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဂန်း ( ၁ ) ☐ စက်ဂန်း ( ၂ ) ☐ စက်ဂန်း ( ၃ ) ☐ စက်ဂန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ပုတ္တလုပ် | ကျေးရွာ ပုတ္တလုပ် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၂ | သုံးရေနှင့်သောက်သုံးရေအခက်အခဲ | ၂ | ပညာရေးအခက်အခဲ |
| ၃ | လျှပ်စစ်မီးအခက်အခဲ | ၃ | သောက်သုံးရေအခက်အခဲ |
| ၄ | စာကြည့်တိုက်မှ ပညာဆည်းခြင်းအခက်အခဲ | ၄ | လျှပ်စစ်မီးအခက်အခဲ |
| ၅ | ကျန်းမာရေးအခက်အခဲ | ၅ | ကျန်းမာရေးအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းနှင့်တံတားများကောင်းမွန်လာစေရန် | ၁ | လမ်းနှင့်တံတားများကောင်းမွန်လာစေရန် |
| ၂ | သုံးရေနှင့်သောက်သုံးရေလုံလောက်စွာရရှိစေရန် | ၂ | စာသင်ကျောင်းအဆောင်များကောင်းမွန်လာစေရန် |
| ၃ | အိမ်တိုင်း လျှပ်စစ်မီးရရှိစေရန် | ၃ | သောက်သုံးရေလုံလောက်စွာရရှိစေရန် |
| ၄ | စာကြည့်တိုက်အကွင်းပြီးပြည့်စုံစေရန် | ၄ | လမ်းမီးတိုင်များ ခန့်ထားကာ မီးလင်းစေရန် |
| ၅ | ဆေးပေးခန်းနှင့်ဆေးပစ္စည်းများပြီးပြည့်စုံစေရန် | ၅ | ဆေးပေးခန်းနှင့်ဆေးပစ္စည်းများပြီးပြည့်စုံစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာမစုအသင်း လမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၁၀,၀၀၀,၀၀၀ | ၄၄၃၄ |
| ၂။ | ဟိန္ဒူဘုရားကျောင်းလမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၆၀၀၀,၀၀၀ | ၄၄၃၄ |
| ၃။ | အုန်းကြီးတံတားလမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၁၀၀၀၀၀၀ | ၄၄၃၄ |
| ၄။ | ဦးကျော်ရှိန်ကျင်ပတ်လမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၆၀၀၀၀၀၀ | ၄၄၃၄ |
| ၅။ | ဘုရားအေးလမ်းတိုးချဲ့ကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၅၀၀,၀၀၀ | ၄၄၃၄ |
| ၆။ | ဖိုးလှအောင်ဒဲလမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၇၀၀၀၀၀၀ | ၄၄၃၄ |
| ၇။ | ရွှေကောင်ကြားလမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၁၅၀၀၀၀၀ | ၄၄၃၄ |
| ၈။ | ဦးရွှေဝါလမ်းကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၁၂၀၀၀၀၀ | ၄၄၃၄ |
| ၉။ | ရွှေကောင်ကြားလမ်းသွယ်ကွန်ကရစ်ခင်းရန် | အမျိုးသား+အမျိုးသမီး | ၁၀၄၀၀၀၀ | ၄၄၃၄ |
| ၁၀။ | အုန်းကြီးတံတား (RC) ခင်းရန် | အမျိုးသား+အမျိုးသမီး | ၄၃၂၄၀၀၀၀ | ၄၄၃၄ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | အရေးပေါ်လူနာတင်ယာဉ်ရရှိစေရန် | အမျိုးသား + အမျိုးသမီး | |
| ၂။ | အိမ်တိုင်း မီးလာတက်နိုင်စေရန် | အမျိုးသမီး + အမျိုးသား | |
| ၃။ | [illegible] ရရှိစေရန် | အမျိုးသမီး | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-ဦးနေလင်းထိုက်------ လက်မှတ်------------------------ နေ့စွဲ---၂၇၊ ၁၊ ၂၀၁၇--------

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ပုစွန်လုပ်

ကျေးရွာအုပ်စု ပုစွန်လုပ်

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၁. ၁. ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ပထမအကြိမ် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၉၅)ဦး ၊မ (၂၆၀ )ဦး= (၅၅၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းဖြင့်ပက်သက်သည်များအား သိရှိရန် ကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများ သိရှိရန် စေတနာဝန်ထမ်းများ ထွက်ပေါ်ရန်

ဆွေးနွေးချက်များ။ ။ ကျေးရွာ ဥက္ကဋ္ဌ ဖြစ်သော ဦးမျိုးသွင်မှ အမှာစကား ပြောကြားပြီး အစည်းအဝေးအား ပြီးဆုံးသည်အထိ ပူးပေါင်းပါဝင်ကူညီကြရန် မှာကြားခဲ့ပါသည်။ ထို့နောက် လူထု ကွင်းဆင်းရေးမှူး ဦးတင်ဝင်းမှ နာမည်နှင့် ရာထူးအား မိတ်ဆက်ပေးပြီး စီမံကိန်း မိတ်ဆက် (၁၅) ချက်အား ဝေငှရှင်းပြပါသည်။ ထို့နောက် စီမံကိန်း ပထမ စက်ဝန်းဖြစ်သော အပိုင်း (၆) ပိုင်း အဆင့် (၁၄) ဆင့် အကြောင်း ရွာသူ/ သားများ နားလည်သည်အထိ တဆင့် ချင်းရှင်းလင်း ပြောပြပါသည်။ နောက်တဆင့်အနေဖြင့် ကော်မတီများ၏ အစီအစဉ်တာဝန်ရှိသူများနှင့် တာဝန် ဝတ္တရားများ အကြောင်း ဆက်လက် ဆွေးနွေး ပြောကြားခဲ့ပါသည်။ ဆွေးနွေးပြောကြားပြီး နောက် စေတနာ့ဝန်ထမ်း ရွေးချယ်ရန် ဆွေးနွေးကြပါသည်။ စေတနာ့ဝန်ထမ်း စည်းမျဉ်းများကိုလဲ ဆွေးနွေးကြပါသည်။

ဆုံးဖြတ်ချက်
သဘောတူချက်

။ ကျေးရွာအဝိုစ်ထောက်ရေး အဖွဲ့ အထား အရ ကျား (၃) ယောက် မ (၃) ယောက် ထားရှိရန် သဘောတူညီကြပါသည်။ ထိုသူများအား မိဘလိုင်းဝင် လုပ်ဆောင်မှုများ အရ ကျား (၃) ဦး မ (၃) ဦး အဆိုပြုရွေးချယ် ထိုသူများအား မဲပေးခဲ့ကြပါသည်။ မဲရလဒ်များ အရ ရွေးချယ်ခဲ့ကြပါသည်။ အမျိုးသား (၃) ဦး ထဲမှ ဦးမိုးဝေဝင်း၊ ဦးစွမ်းလှိုင်၊ ဦးရဲကျော် တို့ (၃) ဦးနှင့် ဒေါ်တင်သိန်း ဒေါ်သိန်းအိ၊ ဒေါ်သန်းဌေး တို့ (၃) ဦး နှင့် တို့အား မဲရေတွက်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ထို (၆) ဦး အား ဖွဲ့စည်း ပါကြောင်း ကျေးရွာလူထုရှေ့တွင် ပေးအပ်ခဲ့ပြီး ထိုစေ တာဝန်ဝတ်ထမ်းများ လိုက်နာရမည့် တာဝန်နှင့် ဝတ္တရားများ အား ဖတ်ကြားပေးပြီး သက်မှတ်ရေး ကို သဘောတူ ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ
ဦးတင်သိန်း
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ပုဏ္ဏရုပ်

ကျေးရွာအုပ်စု ပုဏ္ဏရုပ် ကျေးရွာ အုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၅ . ၁ . ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၂၇)ဦး ။မ (၄၄၇ )ဦး= (၆၇၄) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများ မျှော်မှန်းချက်များ အလိုက်နှင့် ဦးစားပေးလုပ်ငန်းစဉ်များ ၊ လိုလုပ်ငန်းစဉ်များ အား စီမံခန့်ခွဲလုပ်ဆောင်မည့် ကော်မတီများ ရွေးချယ်ခြင်း ။

ဆွေးနွေးချက်။

- ကျေးရွာလူထု၏ အခက်အခဲ ၊ မျှော်မှန်းချက် များအား ဆွေးနွေးခြင်းနှင့် ဦးစားပေးလုပ်ငန်း စဉ်များ ရွေးချယ်ခြင်း ။
- စီမံကိန်းလုပ်ငန်းများအား ဦးဆောင်စီမံခန့်ခွဲ မည့် ကော်မတီ အဖွဲ့ဝင်များ ရွေးချယ်ခြင်း

ဆုံးဖြတ်ချက်။
သဘောတူညီချက်

- ကျေးရွာလူထု၏ အခက်အခဲများ အားသာချက်များနှင့် မျှော်မှန်းချက်များ ဦးစားပေးလုပ်ငန်း စဉ်များ ရွေးချယ်ရန် အမျိုးသားနှင့် အမျိုးသမီး တက်တက်ကြွကြွ ပါဝင်ပြီး ထိုအချက်များအား ရေးသား ဖော်ပြပါသည်။

ဆုံးဖြတ်ချက် / သဘောတူညီချက် “ ရင်းလုပ်ငန်းများအား ရွေးချယ်ရန် ဆွေးနွေးကြရာ၊ ပြုမည့်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

ကျေးရွာလူထုမှ ရွေးချယ်လိုသော လုပ်ငန်းစုများမှာ –

၁ ရှမ်းစုဝေးလမ်း ကွန်ကရစ်ခင်းရန်
၂ ဟိန္ဒူဘုရားကျောင်းလမ်းခင်းရန်
၃ ဘုန်းကြီးတက်ကား လမ်း ခင်းရန်
၄ ဦးကျော်ရှင်ကန်ပတ်လမ်း ခင်းရန်
၅ ဘုရားလေးလမ်းတိုးချဲ့ရန်
၆ ဆိုက်ကောင်းနင်လမ်းခင်းရန်
၇ ရွှေတောင်ကြားလမ်းခင်းရန်
၈ ဦးရွှေဝင်းလမ်းခင်းရန်
၉ ရွှေတောင်ကြားလမ်းဘေးပေါင်ခင်းရန်
၁၀ ဘုန်းကြီးတက်ကား (LRC) ခင်းရန် တို့ ဖြစ်ကြသည်။

ရင်းလုပ်ငန်းစုများမှာ ကျေးရွာလူထုက သဘောဆန္ဒဖြင့် မဲပေး ဆုံးဖြတ်ချက်များ ဖြစ်သောကြောင့် ပြောင်းလဲခြင်း မရှိကြောင်း ဆွေးနွေး သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

သုံးသပ်ချက် ။
ဂုဏ်ယူဝမ်းမြောက်ချက်

။ မိမိတို့ လုပ်ငန်း ခွဲများ အား ဦးအောင်စိုးဆွေ ကွဲရန်
အတွက် ကော်မတီများ ဆက်လက် ရွေးချယ် ခဲ့ ပါသည်
ကော်မတီဝင်များ အားလုံး အား မဲခွဲစနစ်ဖြင့်သာ ရွေးချယ်
ခဲ့ကြသည်။ ပထမဦးဆုံး အနေဖြင့် ကျေးရွာ စီတောက်
ခေါင်းဆောင် (၂၁) ဦး အား စတင်ရွေးချယ်ခဲ့ပါသည်။
ထိုခေါင်းဆောင်များမှ ဦးစောလင်းထိုက်နှင့် ဒေါ်မြပြုံး တို့
အား ရွေးချယ်ခဲ့ပြီး စောင့်ကြည့် စီးကြပ်ရေး ကော်မတီတွင်
ဦးပုညလွင်၊ ဦးစံမြင့်၊ ဒေါ်ညွန့်စိန် နှင့် လည်ပတ်ထိန်းသိမ်း
ရေး ကော်မတီအတွက် ဦးဝင်းမိုး၊ ဦးမင်းနိုင်၊ ဒေါ်အုန်းကြည်
တို့နှင့် ဝယ်ယူရေးကော်မတီအတွက် ဦးစိုးထွန်း၊ ဦးထိန်လင်း
နှင့် ဒေါ်အေးမော် တို့နှင့် စာရင်းကိုင်အတွက် ဦးအေးသွင်
ဝေမျှ အကြံပြုတိုင်ကြား ချက် ဖြေရှင်းရေး အတွက်
ဦးမြတ်စိုး၊ ဒေါ်မွှေးမွှေးဦး တို့ အား ရွေးချယ် ခဲ့ပြီး
ဆောင်ရန် ရှောင်ရန်များ ပေါ်ထား၍ သဘောတူညီ
လက်မှတ် ရေးထိုး အတည်ပြုကြောင်း သုံးသပ်ချက်
ချခဲ့ကြပါသည်။

(signature)

မှတ်တမ်းတင်သူ
ဦးတင်သိုး
လူမှုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊